ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

အမိန့်ကြော်ငြာစာ

အမှတ် (၄၂/၉၁)

# သာသနာတော်ဆိုင်ရာ
# ဘွဲ့တံဆိပ်တော်များပြဋ္ဌာန်းခြင်း

၁၃၅၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်

(၁၉၉၁-ခုနှစ်၊ အောက်တိုဘာ ၂၄-ရက်)

သာသနာ-၂၅၃၆ ကောဇာ-၁၃၅၄ ခရစ်-၁၉၉၂

၂၀၈၄၃

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
အမိန့်ကြော်ငြာစာ

အမှတ် (၄၂/၈၁)

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များပြဋ္ဌာန်းခြင်း

၁၃၄၃·ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁·ရက်
(၁၉၈၁·ခုနှစ်၊ အောက်တိုဘာ ၂၄·ရက်)

သာသနာ·၂၅၂၅ ကောဇာ·၁၃၄၃ ခရစ်·၁၉၈၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌
ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

## ပြည်ထောင်စု မြန်မာနိုင်ငံတော်
## နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
## အမိန့်ကြေညာစာ

အမှတ် (၄၂/၉၁)

၁၃၅၃-ခုနှစ်၊ သီတင်းကျွတ်လ ပြည့်ကျော် ၁-ရက်

(၁၉၉၁-ခုနှစ်၊ အောက်တိုဘာလ ၂၄-ရက်)

သာသနာတော်ဆိုင်ရာ

# ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခြင်း

၁။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ရဟန်းသံဃာတော်များအား လက်ရှိ ဆက်ကပ် လှူဒါန်းလျက်ရှိသော—

(က) အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်၊

(ခ) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်-

များအပြင် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ တည်းဟူသော သာသနာတော်သုံးရပ် တိုးတက်ပြန့်ပွား စည်ပင်စေရန် အလို့ငှါ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ၊ နယ်လှည့် ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်ခြင်း ပြုနိုင်ရန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည်—

## (က) စာချဆရာတော် ဘွဲ့တံဆိပ်တော် (၃)မျိုး

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | ပထမစာချ | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ |
| ၂။ | ဒုတိယစာချ | မဟာဂန္ထဝါစကပဏ္ဍိတ |
| ၃။ | တတိယစာချ | စူဠဂန္ထဝါစကပဏ္ဍိတ |

## (ခ) ကမ္မဋ္ဌာန်းနည်းပြ ဘွဲ့တံဆိပ် (၃)မျိုး

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | ကမ္မဋ္ဌာန်းနည်းပြ (ပထမဆင့်) | အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ |
| ၂။ | ကမ္မဋ္ဌာန်းနည်းပြ (ဒုတိယဆင့်) | မဟာကမ္မဋ္ဌာနာစရိယ |
| ၃။ | ကမ္မဋ္ဌာန်းနည်းပြ (တတိယဆင့်) | စူဠကမ္မဋ္ဌာနာစရိယ |

## (ဂ) ဓမ္မကထိက ဘွဲ့တံဆိပ် (၂)မျိုး

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
|---|---|---|
| ၁။ | ဓမ္မကထိက (ပထမဆင့်) | မဟာဓမ္မကထိကဗဟုဇနဟိတဓရ |
| ၂။ | ဓမ္မကထိက (ဒုတိယဆင့်) | ဓမ္မကထိကဗဟုဇနဟိတဓရ |

## (ဃ) သာသနာပြု ဘွဲ့တံဆိပ် (၄)မျိုး

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ်တော် |
| --- | --- | --- |
| ၁။ | သာသနာပြု (အဆင့်မြင့်) | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက |
| ၂။ | သာသနာပြု (ပထမဆင့်) | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ |
| ၃။ | သာသနာပြု (ဒုတိယဆင့်) | မဟာသဒ္ဓမ္မဇောတိကဓဇ |
| ၄။ | သာသနာပြု (တတိယဆင့်) | သဒ္ဓမ္မဇောတိကဓဇ |

## (င) အမျိုးသား သာသနာနုဂ္ဂဟဘွဲ့တံဆိပ် (၄)မျိုး

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ် |
| --- | --- | --- |
| ၁။ | သာသနာနုဂ္ဂဟ (အဆင့်မြင့်) | အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ |
| ၂။ | သာသနာနုဂ္ဂဟ (ပထမဆင့်) | သီရိသုဓမ္မမဏိဇောတဓရ |
| ၃။ | သာသနာနုဂ္ဂဟ (ဒုတိယဆင့်) | သီဟသုဓမ္မမဏိဇောတဓရ |
| ၄။ | သာသနာနုဂ္ဂဟ (တတိယဆင့်) | သုဓမ္မမဏိဇောတဓရ |

ဘွဲ့တံဆိပ်ပြဋ္ဌာန်း ၁—ပ·မ·သ·စ

(စ) အမျိုးသမီး သာသနာ့ဒ္ဓဇဂုဏ်တံဆိပ် (၄)မျိုး

| စဉ် | ဘွဲ့ခံပုဂ္ဂိုလ် | ဘွဲ့တံဆိပ် |
|---|---|---|
| ၁။ | သာသနာ့ဒ္ဓဇ (အဆင့်မြင့်) | အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ |
| ၂။ | သာသနာ့ဒ္ဓဇ (ပထမဆင့်) | သီရိသုဓမ္မသိင်္ဂီ |
| ၃။ | သာသနာ့ဒ္ဓဇ (ဒုတိယဆင့်) | သီဟသုဓမ္မသိင်္ဂီ |
| ၄။ | သာသနာ့ဒ္ဓဇ (တတိယဆင့်) | သုဓမ္မသိင်္ဂီ |

၂။ အထက်ဖော်ပြပါ ဘွဲ့တံဆိပ်တော် အသီးသီးနှင့် စပ်လျဉ်း၍ ဂုဏ်အင်္ဂါအရည်အချင်းများကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

(က) ပထမစာချ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့)

(၁) သီလဝန္တဖြစ်ခြင်း၊

(၂) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ် စာချဆရာများအတွက် စာရိတ္တဆိုင်ရာ ပြစ်မှုကင်းရှင်းခြင်း၊

(၃) အနည်းဆုံး သက်တော် (၄၅)နှစ် ရှိခြင်း၊

(၄) အနည်းဆုံး (၁၅)နှစ် စာချခဲ့ခြင်း၊

(၅) တစ်နေ့တာ ပို့ချသော စာဝါများ၌ ဓမ္မာစရိယ စာမေးပွဲဆိုင်ရာ ကျမ်းစာများ ပါဠိတော်၊အဋ္ဌကထာ၊ ဋီကာကျမ်းများကို အနည်းဆုံး (၁)ဝါ ပို့ချဆဲဖြစ်ခြင်း၊

(၆) ဓမ္မာစရိယစာချတန်း အောင်မြင်ခြင်း၊ (သို့မဟုတ်) ပိဋကတ် ကျမ်းရိုးပေါက် သင်ပုန်း၍ သက်ဆိုင်ရာ ကျောင်းတိုက်၌ ဂဏဝါစက (စာချ) တင်မြှောက်ခံရခြင်း၊

(၇) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊

(၈) မြို့ကြီးများတွင် တစ်နေ့တာ ပို့ချသော စာဝါများ၌ စုစုပေါင်း စာလိုက်သံဃာ အနည်းဆုံး အပါး (၆၀) ရှိ၍မြို့ငယ်များနှင့်ကျေးရွာကြီးများတွင်အနည်းဆုံး အပါး (၄၀) ရှိခြင်း။

(ခ) ဒုတိယစာချ (မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့)

(၁) သီလဝန္တဖြစ်ခြင်း၊

(၂) ဝိဝါဒ၊ဒါဓိကရုဏ်းမှ ကင်းရှင်း၍ဝါဒါဓိကရုဏ်းမှကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ် ရှာချဆရာများအတွက် စာရိတ္တဆိုင်ရာ ပြစ်မှုကင်းရှင်းခြင်း၊

(၃) အနည်းဆုံး သက်တော် (၃၅)နှစ် ရှိခြင်း၊

(၄) အနည်းဆုံး (၁၀)နှစ် စာချခဲ့ခြင်း၊

(၅) ပထမလတ်တန်းနှင့် ပထမကြီးတန်း စာမေးပွဲဆိုင်ရာ ကျမ်းစာများကို ကျွမ်းကျင်စွာ ပို့ချဆဲဖြစ်ခြင်း၊

(၆) ဓမ္မာစရိယ စာချတန်းအောင်မြင်ခြင်း၊ (သို့မဟုတ်) ပိဋကတ် ကျမ်းရိုးပေါက် သင်ပုန်း၍ သက်ဆိုင်ရာ ကျောင်းတိုက်၌ ဂဏဝါစက (စာချ) တင်မြှောက်ခံရခြင်း၊

(၇) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊

(၈) မြို့ကြီးများတွင် တစ်နေ့တာ ပို့ချသော စာဝါများ၌ စုစုပေါင်း စာလိုက်သံဃာ အပါး (၄၀)ရှိ၍ မြို့ငယ်များနှင့် ကျေးရွာများတွင် အနည်းဆုံး (၂၅)ပါး ရှိခြင်း။

၈) တတိယစာချ (စူဠဂန္ထဝါစကပဏ္ဍိတဘွဲ့)

(၁) သီလဝန္တဖြစ်ခြင်း၊

(၂) ဝိဝါဒါဓိကရဏ်းမှု၊ အနုဝါဒါဓိကရဏ်းမှုကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ် စာချဆရာများအတွက် စာရိတ္တဆိုင်ရာ ပြစ်မှုကင်းရှင်းခြင်း၊

(၃) အနည်းဆုံး သက်တော် (၂၅)နှစ် ရှိခြင်း၊

(၄) အနည်းဆုံး (၅)နှစ် စာချခဲ့ခြင်း၊

(၅) အခြေပြုမူလတန်းနှင့် ပထမငယ်တန်းစာမေးပွဲဆိုင်ရာ ကျမ်းစာများကို ကျွမ်းကျင်စွာ ပို့ချဆဲဖြစ်ခြင်း၊

(၆) ပထမကြီးတန်း အောင်မြင်ခြင်း၊ (သို့မဟုတ်) ပိဋကတ်အခြေပြုကျမ်းစာများ သင်ယူခဲ့ဖူးခြင်း၊

(၇) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်၊ မပြုသူ ဖြစ်ခြင်း၊

(၈) မြို့ကြီးများတွင် တစ်နေ့တာပို့ချသော စာဝါများ၌ စုစုပေါင်း စာလိုက်သံဃာ အပါး (၂၀)ရှိ၍ မြို့နယ်များတွင် အနည်းဆုံး (၁၅)ပါးရှိခြင်း၊ ကျေးရွာများတွင် (၁၀)ပါး ရှိခြင်း၊

(ဃ) ကမ္မဋ္ဌာန်းနည်းပြ(ပထမဆင့်)(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့)

(၁) အနည်းဆုံး ရဟန်းသိက္ခာ (၄၀)ဝါ ရှိခြင်း၊

(၂) သီလဝန္တဖြစ်ခြင်း၊

(၃) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှုကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ်ကမ္မဋ္ဌာန်းနည်းပြဆရာများအတွက် စာရိတ္တဆိုင်ရာ ပြစ်မှုကင်းရှင်းခြင်း၊

(၄) ဓမ္မာစရိယစာချတန်းအောင်မြင်ခြင်း၊ (သို့မဟုတ်) ပိဋကတ်ကျမ်းစာများ သင်ယူဖူးခြင်း၊

(၅) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊

(၆) ထေရဝါဒပါဠိ၊ ပိဋကတ်တော်၌လာရှိသော ကမ္မဋ္ဌာန်း နည်းများကိုသာ ပြသခြင်း၊

(၇) ဗုဒ္ဓဂုဏ်း၊ ဓမ္မဂုဏ်း၊ သံဃာ့ဂုဏ်း၊ ရာဇဂုဏ်း ကင်းလွတ်စွာ ဟောပြောပြသခြင်း၊

(၈) (၁၅)နှစ်တိုင်တိုင် ကမ္မဋ္ဌာန်း နည်းပြဆရာအဖြစ် သီးခြားရိပ်သာတစ်ခုကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ် လျက် ကမ္မဋ္ဌာန်း ပြသနေခြင်း၊

(၉) ရိပ်သာတွင် တစ်နှစ်အတွင်း တစ်ရက်ပျမ်းမျှ အချိန် ပြည့် ယောဂီ (၆၀)ဦး ဖြစ်စေ၊ အချိန်ပိုင်းယောဂီ (၁၂၀)ဦးဖြစ်စေရှိခြင်း၊

မှတ်ချက်။ (၁) အချိန်ပြည့်ယောဂီဆိုသည်မှာ တစ်နေ့လျှင်အနည်းဆုံး (၁၂)နာရီ အထက် အားထုတ်သော ယောဂီကို ဆိုလိုသည်။ အချိန်ပိုင်း ယောဂီဆိုသည်မှာ တစ်နေ့ လျှင် (၁၂)နာရီအောက် အားထုတ်သော ယောဂီကို ဆိုလိုသည်။

(၂) သီလရှင်နှင့် လူပုဂ္ဂိုလ် ကမ္မဋ္ဌာန်းနည်းပြ ဆရာများ အတွက် အမှတ်စဉ် (၁)မှ တစ်ပါး ကျန်ဂုဏ်အင်္ဂါ (၈)ပါးဖြင့် စိစစ်ရန်ဖြစ်သည်။

## (င) ကမ္မဋ္ဌာန်းနည်းပြ (ဒုတိယဆင့်) (မဟာကမ္မဋ္ဌာနာစရိယဘွဲ့)

(၁) အနည်းဆုံး ရဟန်းသိက္ခာ (၃၀)ဝါ ရှိခြင်း၊

(၂) သီလဝန္တဖြစ်ခြင်း၊

(၃) ဝိဝါဒါဓိကရဏ်းမှု၊ အနုဝါဒါဓိကရဏ်းမှု ကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ်ကမ္မဋ္ဌာန်းနည်းပြ ဆရာများအတွက် စာရိတ္တ ဆိုင်ရာ ပြစ်မှုကင်းရှင်းခြင်း

(၄) ဓမ္မာစရိယစာချတန်း အောင်မြင်ခြင်း၊ (သို့မဟုတ်) ပိဋကတ်ကျမ်းစာများ သင်ယူဖူးခြင်း၊

(၅) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊

(၆) ထေရဝါဒ ပါဠိ၊ ပိဋကတ်တော်လာရှိသော ကမ္မဋ္ဌာန်း နည်းများကိုသာ ပြသခြင်း၊

(၇) ဗုဒ္ဓဂုဏ်း၊ ဓမ္မဂုဏ်း၊ သံဃာ့ဂုဏ်း၊ ရာဇဂုဏ်း ကင်းလွတ်စွာ ဟောပြောပြသခြင်း၊

(ဂ) (၁၀)နှစ်တိုင်တိုင် ကမ္မဋ္ဌာန်း နည်းပြဆရာ ဒါဖြစ် သီးခြားရိပ်သာတစ်ခုကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ် လျက် ကမ္မဋ္ဌာန်းနည်း ပြသနေခြင်း၊

(ဃ) ရိပ်သာတွင် တစ်နှစ်အတွင်း တစ်ရက်ပျမ်းမျှ အချိန်ပြည့် ယောဂီ (၄၀)ဦး ဖြစ်စေ၊ အချိန်ပိုင်းယောဂီ (ဂ၀)ဦး ဖြစ်စေ ရှိခြင်း။

**မှတ်ချက်။** ။သီလရှင်နှင့် လူပုဂ္ဂိုလ် ကမ္မဋ္ဌာန်းနည်းပြ ဆရာများ အတွက် အမှတ်စဉ် (၁) မှတစ်ပါး ကျန်ဂုဏ်အင်္ဂါ (ဂ)ပါးဖြင့် စိစစ်ရန် ဖြစ်သည်။

(စ) ကမ္မဋ္ဌာန်းပြ (တတိယဆင့်) (စူဠကမ္မဋ္ဌာနာစရိယဘွဲ့)

(၁) ရဟန်းသိက္ခာ (၂၀)ဝါ ရှိခြင်း၊

(၂) သီလဝန္တဖြစ်ခြင်း၊

(၃) ဝိဝါဒါဓိကရုဏ်းမှု၊ အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ် ကမ္မဋ္ဌာန်းနည်း ဆရာများအတွက် စာရိတ္တ ဆိုင်ရာ ပြစ်မှုကင်းရှင်းခြင်း၊

(၄) ဓမ္မာစရိယ စာချကန်း အောင်မြင်ခြင်း၊ (သို့မဟုတ်) ပိဋကတ်ကျမ်းစာများ သင်ယူဖူးခြင်း၊

(၅) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်သက် မပြုသူဖြစ်ခြင်း၊

(၆) ထေရဝါဒ ပါဠိ၊ ပိဋကတ်တော်၌ လာရှိသော ကမ္မဋ္ဌာန်း နည်းများကိုသာ ပြသခြင်း၊

(၇) ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃာ့ဂိုဏ်း၊ ရာဇဂိုဏ်း ကင်းလွတ်စွာ ဟောပြောပြသခြင်း၊

(၈) (၅)နှစ်တိုင်တိုင် ကမ္မဋ္ဌာန်းနည်းပြဆရာအဖြစ် သီးခြားရိပ်သာတစ်ခုကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်လျက် ကမ္မဋ္ဌာန်းပြသနေခြင်း၊

(၉) ရိပ်သာတွင် တစ်နှစ်အတွင်း တစ်ရက်ပျမ်းမျှအချိန်ပြည့် ယောဂီ(၂၀)ဦးဖြစ်စေ၊ အချိန်ပိုင်းယောဂီ (၄၀)ဦးဖြစ်စေ ရှိခြင်း။

**မှတ်ချက်။** ။သီလရှင်နှင့် လူပုဂ္ဂိုလ် ကမ္မဋ္ဌာန်းနည်းပြဆရာများအတွက် အမှတ်စဉ်(၁)မှတစ်ပါး ကျန်ဂုဏ်အင်္ဂါ (၈) ပါးဖြင့် စိစစ်ရန်ဖြစ်သည်။

(ဆ) ဓမ္မကထိက(ပထမဆင့်)(မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့)

(၁) သီလဝန္တဖြစ်ခြင်း၊

(၂) ဝိဝါဒါဓိကရုဏ်းမှု၊အနုဝါဒါဓိကရုဏ်းမှု ကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ်ဓမ္မကထိကများအတွက် စာရိတ္တဆိုင်ရာပြစ်မှု ကင်းရှင်းခြင်း၊

(၃) အနည်းဆုံး သက်တော်(၅၀)ရှိခြင်း၊

(၄) အနည်းဆုံး အနှစ်(၂၀)နယ်လှည့်တရား ဟောခဲ့ခြင်း၊

(၅) အနိမ့်ဆုံးအားဖြင့် ပထမကြီးတန်းစာမေးပွဲ အောင်မြင်ပြီးခြင်း၊ (သို့မဟုတ်) ပိဋကအခြေပြုကျမ်းစာများ သင်ယူဖူးခြင်း၊

(၆) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူဖြစ်ခြင်း၊

(၇) ထေရဝါဒ ပိဋကတ်ကျမ်းစာများနှင့် လျော်ညီစွာ နယ်လှည့်ဟောကြားနေခြင်း၊

(၈) ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃာ့ဂိုဏ်း၊ ရာဇဂိုဏ်း ကင်းလွတ်စွာ ဟောပြောခြင်း၊

(ဇ) ဓမ္မကထိက(ဒုတိယဆင့်) (ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့)

(၁) သီလဝန္တဖြစ်ခြင်း၊

(၂) ဝိဝါဒါဓိကရဏ်းမှု၊ အနုဝါဒါဓိကရဏ်းမှု ကင်းရှင်းခြင်း၊ လူပုဂ္ဂိုလ် ဓမ္မကထိကများအတွက် စာရိတ္တဆိုင်ရာ ဖြစ်မှုကင်းရှင်းခြင်း၊

(၃) အနည်းဆုံး သက်တော်(၄၀)ရှိခြင်း၊

(၄) အနည်းဆုံး (၁၀) နှစ် နယ်လှည့် တရားဟောခဲ့ခြင်း၊

(၅) အနိမ့်ဆုံးအားဖြင့် ပထမကြီးတန်း စာမေးပွဲအောင်မြင်ပြီးခြင်း၊
(သို့မဟုတ်) ပိဋကတ်အခြေပြု ကျမ်းစာများ သင်ယူဖူးခြင်း၊

(၆) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်သက်မရှိသူဖြစ်ခြင်း၊

(၇) ထေရဝါဒ ပိဋကတ် ကျမ်းစာများနှင့် လျော်ညီစွာ နယ်လှည့် ဟောကြားနေခြင်း၊

(၈) ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃာ့ဂိုဏ်း၊ ရာဇဂိုဏ်း ကင်းလွတ်စွာ ဟောပြောခြင်း။

၂၀၈၄၇

(ဈ) **သာသနာပြု (အဆင့်မြင့်) (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့)**

(၁) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း၊

(၂) သာသနာပြု လုပ်ငန်းကို အနည်းဆုံး အနှစ် (၃၀) ဆောင်ရွက်ခဲ့ခြင်း၊

(၃) အနည်းဆုံး သက်တော် (၆၀)ရှိခြင်း၊

(၄) သာသနာ့ဝန်ထမ်း ဖြစ်ခြင်း၊

(၅) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ရရှိပြီး ဖြစ်ခြင်း၊

ခြွင်းချက်။ ။သာသနာပြု လုပ်ငန်းကို စွမ်းစွမ်းတမံ ထူးချွန်စွာ ဆောင်ရွက်နေသော ပုဂ္ဂိုလ်များအတွက် အမှတ်စဉ် (၅) ဂုဏ်အင်္ဂါကို လျှော့ပေါ့ စဉ်းစားနိုင်ပါသည်။

(ည) **သာသနာပြု (ပထမဆင့်) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့)**

(၁) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ပို့ချသော သာသနပြု သင်တန်း/မွမ်းမံ သင်တန်း အောင်မြင်ခြင်း၊

(၂) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက်မပြုသူ ဖြစ်ခြင်း၊

(၃) သာသနာပြု လုပ်ငန်းကို အနည်းဆုံး အနှစ် (၂၀) ဆောင်ရွက်ခဲ့ခြင်း၊

(၄) အနည်းဆုံး သက်တော် (၅၀)ရှိခြင်း၊

(၅) သာသနာ့ဝန်ထမ်း ဖြစ်ခြင်း၊

(၆) စာပေသင်ကြားပေးခြင်းဖြင့် ဖြစ်စေ၊ တရားဟော ပြောခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ဘာသာ တစ်ပါးမှ အနည်းဆုံး လူ(၃၀)ဦးကို ဗုဒ္ဓ ဘာသာသို့ ကူးပြောင်းလာအောင် ဆောင်ရွက်ခဲ့ခြင်း၊

(သို့မဟုတ်)

လမ်းပန်းအဆက်အသွယ် အသွားအလာ ခက်ခဲ၍ ခေါင်းပါးသော ဒေသများ၌ အနှစ်(၂၀) သာသနာ ပြုခဲ့ခြင်း၊

(သို့မဟုတ်)

ရဟန်း, ရှင်, လူတို့အား ကျေးဇူးပြုသော ဗုဒ္ဓဘာသာ ဆိုင်ရာ စာပေကျမ်းဂန် အနည်းဆုံး (၁၀) အုပ်ကို ရေးသားရိုက်နှိပ် ထုတ်ဝေခြင်း၊

(သို့မဟုတ်)

အခြေခံဗုဒ္ဓဘာသာသင်တန်း (သို့မဟုတ်) မူလတန်း ပညာကို သင်တန်းသူ/သင်တန်းသား အနည်းဆုံး (၇၀)အား (၁၅)နှစ်တိုင်တိုင် သင်ကြားခဲ့ခြင်း၊

**မှတ်ချက်။** ။ပြည်ပနိုင်ငံရှိ သာသနာပြု ပုဂ္ဂိုလ်များအတွက် အမှတ်စဉ် (၁)ကို ခြွင်းချက်ပြု၍ ထေရဝါဒဖြစ်စေ၊ မဟာယာနဖြစ်စေ၊ ဗုဒ္ဓဘာသာဂိုဏ်းတစ်ခု၏ အကြီး အကဲဖြစ်ခြင်း၊ (သို့မဟုတ်) ဘာသာရေးအသင်းအဖွဲ့ ကြီးတစ်ခု၏ ဥက္ကဋ္ဌဖြစ်ခြင်း၊ (သို့မဟုတ်) သက်ဆိုင်ရာ သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက် နေသူဖြစ်ခြင်း ဟူသော ဂုဏ်အင်္ဂါကို ကြည့်ရှု သတ်မှတ်ရန်၊

(၄) **သာသနာပြု (ဒုတိယဆင့်) (မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့)**

(၁) သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ပို့ချသော သာသနာပြုသင်တန်း / မွမ်းမံသင်တန်း အောင်မြင်ခြင်း၊

(၂) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူ ဖြစ်ခြင်း၊

(၃) သာသနာပြုလုပ်ငန်းကို အနည်းဆုံး (၁၀)နှစ် ဆောင်ရွက်ခဲ့ခြင်း၊

(၄) အနည်းဆုံး သက်တော် (၄၀)ရှိခြင်း၊

(၅) စာပေသင်ကြားခြင်းဖြင့် ဖြစ်စေ၊ တရားဟောပြောခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ဘာသာတစ်ပါးမှ အနည်းဆုံး လူ(၂၀)ဦးကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာအောင် ဆောင်ရွက်ခဲ့ခြင်း၊

(သို့မဟုတ်)

လမ်းပန်းအဆက်အသွယ် အသွားအလာခက်ခဲ၍ ခေါင်းပါးသော ဒေသများ၌ (၁၅)နှစ် သာသနာပြုခဲ့ခြင်း၊

(သို့မဟုတ်)

ရဟန်း,ရှင်,လူတို့အား ကျေးဇူးပြုသော ဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်းဂန် အနည်းဆုံး (၈)အုပ်ကို ရေးသားရိုက်နှိပ် ထုတ်ဝေမှုခြင်း၊

(သို့မဟုတ်)

အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း(သို့မဟုတ်) မူလတန်းပညာကို သင်တန်းသူ/သင်တန်းသား(၄၀) ဦးတို့အား (၁၀)နှစ်တိုင်တိုင် သင်ကြားပေးခဲ့ခြင်း၊

မှတ်ချက်။ ။ပြည်ပနိုင်ငံရှိ သာသနာပြု ပုဂ္ဂိုလ်များအတွက် အမှတ်စဉ် (၁)ကို ခြွင်းချက်ပြု၍ ထေရဝါဒ ဖြစ်စေ၊ မဟာယာနဖြစ်စေ ဗုဒ္ဓဘာသာဂိုဏ်းတစ်ခု၏ အကြီးအကဲဖြစ်ခြင်း (သို့မဟုတ်) ဘာသာရေးအသင်းအဖွဲ့ တစ်ခု၏ ဥက္ကဋ္ဌဖြစ်ခြင်း (သို့မဟုတ်) သက်ဆိုင်ရာ သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသူဖြစ်ခြင်း ဟူသော ဂုဏ်အင်္ဂါကို ပြည့်စွက် သတ်မှတ်ရန်၊

(၄) သာသနာပြုပုဂ္ဂိုလ်(တတိယဆင့်) (သဒ္ဓမ္မဇောတိကဓဇဘွဲ့)

(၁) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ပို့ချသော သာသနာပြုသင်တန်း / မွမ်းမံသင်တန်း အောင်မြင်ခြင်း၊

(၂) သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အား ဆန့်ကျင်ဘက် မပြုသူ ဖြစ်ခြင်း၊

(၃) သာသနာပြုလုပ်ငန်းကို အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့ခြင်း၊

(၄) အနည်းဆုံး သက်တော် (၃၀)ရှိခြင်း၊

(၅) စာပေသင်ကြားခြင်းဖြင့် ဖြစ်စေ၊ တရားဟောပြောခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ဘာသာတစ်ပါးမှ အနည်းဆုံး လူ(၁၀)ဦးကို ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာအောင် ဆောင်ရွက်ခဲ့ခြင်း၊

(သို့မဟုတ်)

သမ်းပန်းအဆက်အသွယ် အသွားအလာ ခက်ခဲ၍ ခေါင်းပါးသော ဒေသများ၌ (၁၀) နှစ် သာသနာပြုခဲ့ခြင်း၊

(သို့မဟုတ်)

ရဟန်း,ရှင်, လူတို့အား ကျေးဇူးပြုသော ဗုဒ္ဓဘာသာဆိုင်ရာ စာပေကျမ်းဂန် အနည်းဆုံး (၆) အုပ်ကို ရေးသားရိုက်နှိပ် ထုတ်ဝေဖူးခြင်း၊

(သို့မဟုတ်)

အခြေခံ ဗုဒ္ဓဘာသာသင်တန်း (သို့မဟုတ်)မူလတန်း ပညာကို သင်တန်းသူ/သင်တန်းသား (၂၀) ဦး တို့အား (၅)နှစ် တိုင်တိုင် သင်ကြားပေးခဲ့ခြင်း၊

မှတ်ချက်။ ။ပြည်ပနိုင်ငံရှိ သာသနာပြုပုဂ္ဂိုလ်များအတွက် အမှတ်စဉ်(၁)ကို ခြွင်းချက်ပြု၍ သက်ဆိုင်ရာ နိုင်ငံ၌ သာသနာပြု လုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသူဖြစ်ခြင်း ဟူသော ဂုဏ်အင်္ဂါကို ဖြည့်စွက် သတ်မှတ်ရန်၊

(၃) သာသနာနုဂ္ဂဟ (အဆင့်မြင့်)

အမျိုးသား (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့)

အမျိုးသမီး (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့)

(၁) ဥပါသကာ ဂုဏ်ရည် (၁၀)ပါးနှင့် ပြည့်စုံခြင်း၊

(၂) ရှင်သာမဏေ (၁၀၀) ပါးကျော်ကို တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၃) စာသင်သား သာမဏေ (၁၀)ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်း (၄) ပါးကို ထာဝရ ဆက်လက်ထောက်ပံ့လျက်ရှိခြင်း၊ (ဒုလ္လဘ ရဟန်းခံခြင်း၊ သိမ်ထပ်ခြင်းမပါ)

(၄) ဗုဒ္ဓသာသနာ မထွန်းကားသေးသော ဒေသများကို အထူးပြု၍ ကျောင်း၊ကန်၊ဘုရား၊ ဇရပ်၊တန်ဆောင်း ရေတွင်း ရေကန် အသစ်တည်ဆောက်ခြင်း၊ ပြုပြင် မွမ်းမံခြင်း၊

(၅) ပရိယတ္တိစာသင်တိုက် စသည်တို့၌ ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း စသည်ဖြင့် အလှူ တော်ငွေ ကျပ် (၇၅)သိန်း အထိ လှူဒါန်းပြီးသူ ဖြစ်ခြင်း၊

(၆) အကျင့်စာရိတ္တ ပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခံရခြင်းမှ ကင်းလွတ်သူဖြစ်ခြင်း၊

(၇) နိုင်ငံတော် အစိုးရ၏ သတ်မှတ်ထားသော တရား ဥပဒေဘောင်အတွင်း၌ တရားဥပဒေနှင့် အညီ နေထိုင်သူ ဖြစ်ခြင်း၊

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူ ဖြစ်ခြင်း။

မှတ်ချက်။ ။ပြည်ပမှ အလှူရှင်များအား ဤ အဆင့်မြင့်ဘွဲ့ ပေးရန် လိုအပ်ပါက အမှတ်စဉ် (၂)မှ (၅) အထိ ဂုဏ်အင်္ဂါများကို လျော့ပေါ့စဉ်းစားနိုင်ပါသည်။

## (ဃ) သာသနာနုဂ္ဂဟ(ပထမဆင့်)

အမျိုးသား (သီရိသုဓမ္မမဏိဇောတဓရဘွဲ့)
အမျိုးသမီး (သီရိသုဓမ္မသိင်္ဂီဘွဲ့)

(၁) ဥပါသကာဂုဏ်ရည်(၁၀)ပါးနှင့် ပြည့်စုံခြင်း၊

(၂) ရှင်သာမဏေ (၈၀)ပါးပြည့်ကျော်အောင် တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၃) စာသင်သားသာမဏေ(၃)ပါးကို တစ်ဦးတည်းရဟန်း ဒါယကာခံယူ၍ ပစ္စည်း(၄)ပါး ထာဝရဆက်လက် ထောက်ပံ့လျက်ရှိခြင်း(ဒုလ္လဘရဟန်းခံခြင်း၊ သိမ်ထပ်ခြင်းမပါ)၊

(၄) ဗုဒ္ဓသာသနာ မထွန်းကားသေးသော ဒေသများ၌ ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်အသစ် တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၅) ပရိယတ္တိစာသင်တိုက် စသည်တို့၌ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း စသည်ဖြင့် အလှူတော်ငွေ• ကျပ် ၄၀-သိန်းအထိ လှူဒါန်းပြီး သူဖြစ်ခြင်း၊

(၆) အကျင့်စာရိတ္တပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခံရခြင်းမှ ကင်းလွတ်သူဖြစ်ခြင်း၊

(၇) နိုင်ငံတော်အစိုးရ၏ သတ်မှတ်ထားသော တရားဥပဒေဘောင်အတွင်း၌ တရားဥပဒေနှင့်အညီ နေထိုင်သူ ဖြစ်ခြင်း၊

(ဂ) သမ္မာအာဇီဝ လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူ ဖြစ်ခြင်း။

မှတ်ချက်။ ။ပြည်ပမှအလှူရှင်များအား ဤတတိယဆင့် ဘွဲ့ပေးရန် လိုအပ်ပါက အမှတ်စဉ် (၂)မှ (၄) အထိ ဂုဏ်အင်္ဂါ များကို လျှော့ပေါ့စဉ်းစားနိုင်ပါသည်။

(ဃ) သာသနာနုဂ္ဂဟ (ဒုတိယဆင့်)

အမျိုးသား (သီဟသုဓမ္မဇောတိကဓဇဘွဲ့)

အမျိုးသမီး (သီဟသုဓမ္မသင်္ဂီဘွဲ့)

(၁) ဥပါသကာဂုဏ်ရည် (၁၀)ပါးနှင့် ပြည့်စုံခြင်း၊

(၂) ရှင်သာမဏေ (၄၅)ပါး ပြည့်အောင် တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၃) စာသင်သား သာမဏေ (၂)ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်း (၄)ပါးကို ထာဝရဆက်လက်၍ ထောက်ပံ့လျက်ရှိခြင်း၊ (ဒုလ္လဘ ရဟန်းခံခြင်း၊ ဆိမ့်ထပ်ခြင်းမပါ)

(၄) ဗုဒ္ဓသာသနာတော် မထွန်းကားသေးသော ဒေသ များကို အထူးပြု၍ ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်အသစ် တည်ဆောက် ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၅) ပရိယတ္တိစာသင်တိုက် စသည်တို့၌ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း စသည်ဖြင့် ငွေကျပ် ၃၀-သိန်း အထိ လှူဒါန်းပြီးသူ ဖြစ်ခြင်း၊

(၆) အကျင့်စာရိတ္တ ပျက်ပြားမှုဖြင့် ပြစ်ဒဏ်ကျခံရခြင်းမှ ကင်းလွတ်သူဖြစ်ခြင်း၊

(၇) နိုင်ငံတော်အစိုးရ၏ သတ်မှတ်ထားသော တရားဥပဒေဘောင်အတွင်း၌ တရားဥပဒေနှင့်အညီ နေထိုင်သူဖြစ်ခြင်း၊

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူဖြစ်ခြင်း။

မှတ်ချက်။ ။ပြည်ပမှ ဧည့်လှူရှင်များအား ဤဒုတိယဆင့်ဘွဲ့ပေးရန် လိုအပ်ပါက အမှတ်စဉ် (၂)မှ (၄) အထိ ဂုဏ်အင်္ဂါများကို လျှော့ပေါ့စဉ်းစားနိုင်ပါသည်။

(တ) သာသနာ့နုဂ္ဂဟ(တတိယဆင့်)

အမျိုးသား (သုဓမ္မမဏိဇောတဓရဘွဲ့)

အမျိုးသမီး (သုဓမ္မသင်္ဂီဘွဲ့)

(၁) ဥပါသကာဂုဏ်ရည် (၁၀)ပါးနှင့် ပြည့်စုံခြင်း၊

(၂) ရှင်သာမဏေ (၂၈)ပါး ပြည့်ထောင် တစ်ဦးတည်း ဒါယကာခံ၍ ရှင်ပြုပေးခြင်း၊

(၃) စာသင်သား သာမဏေ (၁)ပါးကို တစ်ဦးတည်း ဒါယကာခံ၍ ရဟန်းခံပေးပြီး ပစ္စည်း (၄)ပါးကို ထာဝရ ဆက်လက် ထောက်ပံ့လျက်ရှိခြင်း၊ (ဒုလ္လဘ ရဟန်းခံခြင်း သိမ်ထပ်ခြင်းမပါ)

(၄) ဗုဒ္ဓသာသနာတော် မထွန်းကားသေးသော ဒေသများကို အထူးပြု၍ ကျောင်း၊ ကန်၊ ဘုရား၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(၅) ပရိယတ္တိ စာသင်တိုက် စသည်တို့၌ ထာဝရ ငွေပဒေသာပင် စိုက်ထူ လှူဒါန်းခြင်း စသည်ဖြင့် အလှူတော်ငွေ ကျပ် ၂၀-သိန်းအထိ လှူဒါန်း ပြီးသူဖြစ်ခြင်း၊

(၆) အကျင့်စာရိတ္တ ပျက်ပြားမှုဖြင့် ပြစ်ဒဏ် ကျခံခြင်းမှ ကင်းလွတ်သူဖြစ်ခြင်း၊

(၇) နိုင်ငံတော်အစိုးရ၏ သတ်မှတ် ထားသော တရားဥပဒေဘောင်အတွင်း၌ တရားဥပဒေနှင့်အညီ နေထိုင်သူဖြစ်ခြင်း၊

(၈) သမ္မာအာဇီဝလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ခြင်း။

မှတ်ချက်။ ။ပြည်ပမှ အလှူရှင်များအား ဤတတိယဆင့် ဘွဲ့ပေးရန်လိုအပ်ပါက အမှတ်စဉ် (၂)မှ (၄)အထိ ဂုဏ်အင်္ဂါများကို လျှော့ပေါ့စဉ်းစားနိုင်ပါသည်။

၃။ အထက်ပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ အမိန့်များကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်ရမည်။

(ပုံ) ခင်ညွန့်
ဗိုလ်ချုပ်
အတွင်းရေးမှူး (၁)
နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

ပ-မ-သ-စ—၃၃—၂၄-၇-၉၂ (၂၀၀၀)

ရ